# 4th Sunday of Easter (April 26, 2015)

## 1st READING: *Acts 4:8-12*

တမန်တော်ဝတ္ထု ၄း ၈–၁၂

ထိုအခါပေတရုသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်လျက်သူတို့အားဆိုသည်မှာမင်းအရာရှိများနှင့်သက်ကြီးဝါကြီးများတို့။ ခြေမသန်စွမ်းသောသူတစ်ယောက်အပေါ် ငါတို့ကောင်းကျိုးပြုသဖြင့် သူသည်မည်ကဲ့သို့ ရောဂါပျောက်ကင်းရသည်ကိုသင်တို့စစ်ဆေးကြလျှင်။ သင်တို့အားလုံးနှင့် အစ္စရေးလ်လူမျိုးအပေါင်းတို့သိမှတ်ရမည်မှာလက်ဝါးကပ်တိုင်ပေါ်၌သင်တို့ကွပ်မျက်ကြ၍၊ ဘုရားသခင်သည် သေသူတို့အစုမှ ထမြောက်စေတော်မူသောနာဇရက်မြို့သားယေရှုခရစ်တော်၏နာမတော်အားဖြင့်ဤသူသည်ကျန်းမာစွာသင်တို့မျက်မှောက်၌ရပ်လျက်နေ၏။ ဤသူသည်ကား တိုက်ဆောက်သောသင်တို့ပယ်ရှားထားခြင်းခံရသောကျောက်ဖြစ်သော်လည်းအရေးကြီးသောထောင့်ချုပ်ကျောက်ဖြစ်လာသောသူပေတည်း။ အခြားသောသူ၌ကယ်တင်ခြင်းလမ်းမရှိ။ အကြောင်းမူကား၊ မိုးကောင်းကင်အောက်၌လူတို့အလယ်တွင်ငါတို့သည်ကယ်တင်ခြင်းရရှိနိုင်သည့်အမည်နာမရှိသည်မဟုတ်ဟုဆိုလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps 118:1, 8-9, 21-23, 26, 28, 29

ဆာလံကျမ်း ၁၁၈

**သံပြိုင်။** ။ တိုက်ကိုဆောက်သောသူတို့စွန့်ပစ်ထားသောကျောက်သည်ထောင့်ချုပ်ကျောက်ဖြစ်လာ၏။
R. The stone rejected by the builders has become the cornerstone.

၁။ ထာဝရဘုရားသည်ကောင်းမြတ်တော်မူသောကြောင့်ကိုယ်တော်ကိုကျေးဇူးတင်ချီးမွမ်းကြလော့။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူ၏။လူကိုအားကိုးခြင်းထက်ထာဝရဘုရားကိုအားကိုးခြင်းသည်ပို၍ကောင်း၏။ မင်းညီမင်းသားတို့ကိုအားကိုးခြင်းထက်ထာဝရဘုရားကိုအားကိုးခြင်းသည်ပို၍ကောင်း၏။ **(သံပြိုင်)**
Give thanks to the LORD, for he is good, for his mercy endures forever. It is better to take refuge in the LORD than to trust in man. It is better to take refuge in the LORD than to trust in princes.

၂။ ကိုယ်တော်သည်တပည့်တော်၏ဆုတောင်းသံကိုနားညောင်းတော်မူ၍၊ တပည့်တော်၏ကယ်တင်ခြင်းဖြစ်တော်မူသောကြောင့်ကိုယ်တော့်ကိုကျေးဇူးတင်ချီးမွမ်းပါ၏။ တိုက်ကိုဆောက်သောသူတို့စွန့်ပစ်ထားသောကျောက်သည်ထောင့်ချုပ်ကျောက်ဖြစ်လာ၏။ ဤသည်ကား၊ထာဝရဘုရားပြုတော်မူသောအမှုအရာဖြစ်၏။ငါတို့မျက်စိထဲတွင်မူကား၊အံ့သြဖွယ်ကောင်းလှပေ၏။ **(သံပြိုင်)**
I will give thanks to you, for you have answered me and have been my savior. The stone which the builders rejected has become the cornerstone. By the LORD has this been done; it is wonderful in our eyes.

၃။ ထာဝရဘုရား၏နာမတော်နှင့်ကြွဝင်လာသောသူသည်ကောင်းကြီးမင်္ဂလာရှိစေသတည်း။ တပည့်တော်တို့သည်ထာဝရဘုရား၏အိမ်တော်ထဲမှကိုယ်တော်ကိုကောင်းချီးပေးကြ၏။ ကိုယ်တော်သည်တပည့်တော်၏ဘုရားဖြစ်တော်မူ၍၊တပည့်တော်သည်ကိုယ်တော့်ကိုကျေးဇူးတင်ချီးမွမ်းပါမည်။ကိုယ်တော်သည်တပည့်တော်၏ဘုရားဖြစ်တော်မူ၏။ တပည့်တော်သည်ကိုယ်တော့်ကိုချီးမွမ်းထောမနာပြုပါမည်။ ထာဝရဘုရားသည်ကောင်းမြတ်တော်မူသောကြောင့်ကိုယ်တော့်ကိုကျေးဇူးတင်ချီးမွမ်းကြလော၊ ကိုယ်တော်၏ကရုဏာတော်သည်အစဉ်ထာဝရတည်တော်မူ၏။ **(သံပြိုင်)**
Blessed is he who comes in the name of the LORD; we bless you from the house of the LORD. I will give thanks to you, for you have answered me and have been my savior. Give thanks to the LORD, for he is good; for his kindness endures forever.

## 2nd READING: *1John 3:1-2*

ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃း၁–၂

ငါတို့သည်ဘုရားသခင်၏သားသမီးများဟုအမည်တပ်ခံရခြင်းအားဖြင့်အဖဘုရားသည်ငါတို့အားမည်မျှချစ်တော်မူသည်ကိုထောက်ရှုကြလော့။ ငါတို့သည်လည်းဘုရားသခင်၏သားသမီးများအမှန်ပင်ဖြစ်၏။ ကမ္ဘာလောကသည်ငါတို့အားမသိခြင်း၏အကြောင်းရင်းမှာ ယင်းသည်ဘုရားသခင်ကို မသိခဲ့၍ပင်တည်း။ ချစ်မြတ်နိုးရသူတိုင်း ယခုအခါငါတို့သည်ဘုရားသခင်၏သားသမီးများဖြစ်ကြ၏။ နောင်ကာလတွင်မည်ကဲ့သို့သောသူများဖြစ်ကြမည်ကိုမသိရသေးသော်လည်းခရစ်တော်ကြွလာတော်မူသောအခါငါတို့သည်ကိုယ်တော်ကဲ့သို့ဖြစ်ကြလိမ့်မည်ကိုငါတို့သိကြ၏။အကြောင်းမူကားငါတို့သည်ကိုယ်တော်ကိုအဖြစ်တော်ပကတိအတိုင်းဖူးမြင်ကြရလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *John 10:11-18*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၀း ၁၁–၁၈

ငါသည်ကောင်းသောသိုးထိန်းဖြစ်၏။ ကောင်းသောသိုးထိန်းသည် သိုးများအတွက် မိမိအသက်ကိုစွန့်တတ်၏။ သူငှါးသည်သိုးထိန်းမဟုတ်၊ သိုးများကိုလည်းမပိုင်သောကြောင့်ဝံပုလွေလာသည်ကိုမြင်လျှင်သိုးတို့ကိုစွန့်ပစ်၍ထွက်ပြေးတတ်၏။ ထို့ကြောင့် ဝံပုလွေသည်သိုးတို့ကို ဖမ်းယူကိုက်စား၍ကစဥ့်ကလျားဖြစ်စေတတ်၏။ သူငှါးသည်သူငှါးဖြစ်သောကြောင့်သိုးတို့ကိုဂရုမစိုက်ဘဲထွက်ပြေးတတ်၏။ ငါသည်ကောင်းသောသိုးထိန်းဖြစ်၏။ ငါ၏ခမည်းတော်သည်ငါ့ကိုသိတော်မူ၍ငါသည်လည်းခမည်းတော်ကိုသိသကဲ့သို့ငါသည်သိုးတို့ကိုငါသိ၏၊ ငါ၏သိုးတို့သည်လည်းငါ့ကိုသိကြ၏။ ငါသည်သိုးများအတွက်အသက်ကိုစွန့်၏။ ဤသိုးစုတွင်မပါဝင်သောအခြားသိုးများလည်းငါ၌ရှိ၏။ ထိုသိုးများကိုလည်းငါခေါ်ဆောင်ရဦးမည်။ သူတို့သည်ငါ့စကားကိုနားထောင်ကြလိမ့်မည်သို့ဖြစ်၍သိုးစုတစ်စု၊သိုးထိန်းတစ်ပါးတည်းဖြစ်လိမ့်မည်။ ထိုအကြောင်းတို့ကြောင့်ခမည်းတော်သည်ငါ့ကိုချစ်တော်မူ၏။ အကြောင်းမူကားငါသည်အသက်ကိုတဖန်ပြန်လည်ရရှိစေရန်ကိုယ့်အသက်ကိုစွန့်သောကြောင့်ဖြစ်၏။ ငါ့အသက်ကိုမည်သူမျှငါ့ထံမှမလုမယူနိုင်၊ငါသည်ငါ့ဆန္ဒအလျောက်အသက်စွန့်ခြင်းဖြစ်၏။ ငါ့၌အသက်ကိုစွန့်ပိုင်ခွင့်နှင့်ပြန်လည်ယူပိုင်ခွင့်ရှိ၏။ ထိုအခွင့်အာဏာကိုငါသည်ခမည်းတော်ထံမှခံယူရရှိလေပြီဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။